## ရည်ရွယ်ချက်

အခွန်ထမ်းပြည်သူများအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆–က၊ ပုဒ်မခွဲ (က)အရ ဝင်ငွေနှစ်အတွင်း သုံးလတစ်ကြိမ် ကြိုတင်ဝင်ငွေခွန် ပေးဆောင်ရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းစွာ သိရှိနိုင်စေရန်၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ)အရ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဈ) တို့အရ ဒဏ်ကြေးငွေ ကင်းလွတ်ခွင့်ပြုခြင်းဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်မှု တိုးတက်လာစေရန်နှင့် လိုက်နာဆောင်ရွက်မှုကောင်းမွန်သည့် အခွန်ထမ်းများအတွက် မျှတမှု ရှိစေရန် ရည်ရွယ်၍ ဤလက်ကမ်းစာစောင်အား ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## သုံးလတစ်ကြိမ်ပေးဆောင်ရမည့်ပမာဏကို ခန့်မှန်းတွက်ချက်ခြင်း

ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆–က၊ ပုဒ်မခွဲ (က) အရ ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ကို သုံးလတစ်ကြိမ်အရစ်ဖြင့် ပေးဆောင်ရာတွင် သက်ဆိုင်ရာ ဝင်ငွေနှစ် တစ်နှစ်အတွက် ရရှိမည့်စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်အား သုံးလပတ်အလိုက် အညီအမျှအရစ်ခွဲ၍ ပေးဆောင်ရမည်ဖြစ်ရာ ခန့်မှန်းတွက်ချက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန်အလို့ငှာ ဝင်ငွေနှစ်တစ်နှစ်အတွက် သုံးလပတ်အလိုက် ပေးဆောင်ရမည့် ဝင်ငွေခွန်အား အောက်ပါအတိုင်း ခန့်မှန်းတွက်ချက်ရမည် ဖြစ်ပါသည်–

❖ **ယခင်ဝင်ငွေနှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိခဲ့ပါက အောက်ပါအတိုင်းတွက်ချက်ရမည် ဖြစ်ပါသည်–**

၂၅% x ( A – B )



* A သည် လက်ရှိဝင်ငွေနှစ်နှင့် ကပ်လျက်ရှိသော **ပြီးခဲ့သည့် ဝင်ငွေနှစ် (ယခင်ဝင်ငွေနှစ်) အတွက် ကျသင့်သည့်ဝင်ငွေခွန် ပမာဏ**ဖြစ်သည် (ယင်းတွင် အခြေပစ္စည်းမှမြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ပေးဆောင်ရသည့် ဝင်ငွေခွန် မပါဝင်စေရ)။

* B သည် လက်ရှိဝင်ငွေနှစ်နှင့် ကပ်လျက်ရှိသော ပြီးခဲ့သည့် ဝင်ငွေနှစ်(ယခင်ဝင်ငွေနှစ်)တွင် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်အဖြစ် နုတ်ယူပေးသွင်းခြင်းခံခဲ့ရသည့် ဝင်ငွေခွန် ပမာဏနှင့် ပြည်ပသို့ကုန်စည်တင်ပို့ခြင်း၊ ပြည်ပမှကုန်စည် တင်သွင်းခြင်းအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ပမာဏတို့၏ စုစုပေါင်းပမာဏဖြစ်သည်။

❖ **လုပ်ငန်းအသစ်စတင်တည်ထောင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်မှုမရှိခြင်း၊ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရရှိခြင်း၊ လုပ်ငန်းတွင် အရှုံးပေါ်ပေါက်ခြင်း စသည်တို့ကြောင့် ယခင်ဝင်ငွေနှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်မရှိခဲ့ပါက** လက်ရှိဝင်ငွေနှစ်အတွက် သုံးလတစ်ကြိမ် ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏကို အောက်ပါအတိုင်း ခန့်မှန်း တွက်ချက်ရမည်–

➢ ကုမ္ပဏီ၊ ပြည်ပနေနိုင်ငံခြားသား၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများဖြစ်ပါက သက်ဆိုင်ရာသုံးလပတ်တွင် ရရှိသည့် သို့မဟုတ် ရရန်ရှိသည့် စုစုပေါင်းဝင်ငွေ(အသားတင်အမြတ်) အပေါ် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းဖြင့် တွက်ချက်ခြင်း၊

➢ တစ်ဦးချင်းပုဂ္ဂိုလ်၊ သမဝါယမအသင်းနှင့် အစုစပ်လုပ်ငန်းများ ဖြစ်ပါက ၎င်းတို့ခံစားခွင့်ရှိသည့် သက်သာခွင့်များ နုတ်ပယ်ပြီး နောက် ကျန်ငွေအပေါ် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းဖြင့် တွက်ချက်ခြင်း (သက်သာခွင့်များ နုတ်ပယ်ရာတွင် သုံးလပတ် အလိုက် အချိုးကျနုတ်ပယ်၍ တွက်ချက်ရမည်)။

## သုံးလတစ်ကြိမ် ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရမည့်အချိန်

အခွန်ထမ်းပြည်သူများအနေဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆–က၊ ပုဒ်မခွဲ (က)အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်မည့်အခွန်အား သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ပြီး သက်ဆိုင်ရာ သုံးလပြည့်မြောက်သည့်နေ့မှ (၁၀)ရက်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။

## အခွန်ပမာဏပြောင်းလဲသတ်မှတ်ပေးရန်လျှောက်ထားခြင်း

❖ အခွန်ထမ်းများအနေဖြင့် အောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်နှင့်ကိုက်ညီပါက သုံးလတစ်ကြိမ်ပေးဆောင်ရမည့် အခွန်ပမာကို ပြောင်းလဲပေးရန် သက်ဆိုင်ရာအခွန်ရုံး၏ တာဝန်ခံအရာရှိထံ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်မတိုင်မီ အနည်းဆုံး (၁၄) ရက် ကြိုတင်၍ တင်ပြလျှောက်ထားနိုင်ပါသည်။ ထိုသို့ လျှောက်ထားရာတွင် **“ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆–က၊ ပုဒ်မခွဲ (က) အရ ပေးဆောင်ရမည့် သုံးလတစ်ကြိမ် ကြိုတင်ဝင်ငွေခွန် ပမာဏကို ပြင်ဆင်ပေးဆောင်ခွင့်ပြုရန်လျှောက်လွှာ”** ပုံစံနှင့် အတူ လက်ရှိဝင်ငွေနှစ်အတွက် ကျသင့်မည့် ဝင်ငွေခွန် ခန့်မှန်း ပမာဏကို ပူးတွဲတင်ပြရမည် ဖြစ်ပါသည် –

➢ လက်ရှိဝင်ငွေနှစ်အတွက် ကျသင့်မည့် ဝင်ငွေခွန်ပမာဏ သည် ယခင်ဝင်ငွေနှစ်တွင် ကျသင့်ခဲ့သည့် ဝင်ငွေခွန် ပမာဏထက် လျော့နည်းနိုင်ခြင်း၊

➢ လက်ရှိ ဝင်ငွေနှစ်တွင် အခွန်ပေးဆောင်ရန် တာဝန်မရှိနိုင်ခြင်း သို့မဟုတ် အရှုံးပေါ်ပေါက်ခြင်း၊

➢ လက်ရှိဝင်ငွေနှစ်တွင် ပင်ရင်းမှ နုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်အဖြစ် နုတ်ယူပေးသွင်းခြင်းခံရမည့် ဝင်ငွေခွန် ပမာဏ၊ ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း၊ ပြည်ပမှ ကုန်စည် တင်သွင်းခြင်းတို့အပေါ် ပေးဆောင်ရမည့် ကြိုတင်ဝင်ငွေခွန်ပမာဏသည် ယခင်ဝင်ငွေနှစ်တွင် ပေးဆောင်ခဲ့သည့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်ပမာဏနှင့် ကြိုတင် ဝင်ငွေခွန်ပမာဏထက် များစွာလျော့နည်းနိုင်ခြင်း၊

➢ လက်ရှိဝင်ငွေနှစ်တွင် ကျသင့်မည့်ဝင်ငွေခွန် သို့မဟုတ် ပေးဆောင်ရမည့် ဝင်ငွေခွန်သည် ယခင်ဝင်ငွေနှစ်ထက် ပိုမိုနိုင်ခြင်း။

❖ ထိုသို့လျှောက်ထားလာပါက လျှောက်လွှာပါ အကြောင်းအရာများ ခိုင်လုံမှု ရှိ/မရှိ စိစစ်၍ ခွင့်ပြုကြောင်း/ ခွင့်မပြုကြောင်းတို့ကို သက်ဆိုင်ရာအခွန်ထမ်းအား အကြောင်းပြန်ကြားသွားမည် ဖြစ်ပါသည်။

{ လျှောက်လွှာပုံစံကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm ၏ **Home page>> Media>> Form for OAS Tax Offices>> ဝင်ငွေခွန်**ကဏ္ဍတွင် download ရယူနိုင်ပါသည်။ }

## ဒဏ်ကြေးငွေကျသင့်ခြင်းနှင့် ကင်းလွတ်ခွင့်ပြုခြင်း

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်တွက်ချက်ပေးဆောင်ရာတွင် ခန့်မှန်းတွက်ချက်ခြင်းဖြစ်သည်နှင့်အညီ ခန့်မှန်းတွက်ချက် ပေးဆောင်ခဲ့သည့် အခွန်နှင့်အမှန်ကျသင့်သည့်အခွန်ပမာဏတို့အကြား ခြားနားမှုများ ဖြစ်ပေါ်တတ်လေ့ရှိရာ အခွန်ပေးဆောင်မှုဆိုင်ရာ လိုက်နာဆောင်ရွက်မှု အားကောင်းသည့် အခွန်ထမ်းများအတွက် မျှတမှုရှိစေရန်နှင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အခွန်ထမ်းများအပေါ် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းများကို တစ်ပြေးညီဖြစ်စေရန် အောက်ပါအတိုင်း ဆောင်ရွက်မည် ဖြစ်ပါသည်-

❖ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွက် သုံးလတစ်ကြိမ်ပေးဆောင်ရမည့် ဝင်ငွေခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခန့်မှန်းတွက်ချက် ပေးဆောင်ခဲ့ပြီး အဆိုပါပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပမာဏ တစ်ရပ်ချင်းစီသည် သုံးလပတ်တစ်ခုချင်းစီအတွက် ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏ၏ ၈၀ ရာခိုင်နှုန်းနှင့်အထက်ဖြစ်ပါက စည်းကြပ်မှုပြုလုပ်ချိန်၌ ထပ်မံပေးဆောင်ရမည့်အခွန် (tax due) ပေါ်ပေါက်စေကာမူ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) အရ ဒဏ်တပ်ရိုက်ခြင်းမပြုဘဲ ယင်းအခွန်ထမ်းအနေဖြင့် လုံလောက်သောအကြောင်းများအရ လျော့နည်းပေးဆောင်ခဲ့သည်ဟု မှတ်ယူ၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ(ဈ) အရ သက်သာခွင့်ပြုမည် ဖြစ်ပါသည်။

❖ ဝင်ငွေခွန်ပေးဆောင်ရန်တာဝန်ရှိသော်လည်း သတ်မှတ်ချက်များနှင့်အညီ ပေးဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ ပေးဆောင်ခဲ့သော်လည်း ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်ပမာဏတစ်ရပ်ချင်းစီသည် သုံးလပတ်တစ်ခုချင်းစီအတွက် ကျသင့်သည့်အခွန်ပမာဏ၏ ၈၀ ရာခိုင်နှုန်းအောက် လျော့နည်းခြင်းဖြစ်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) အရ သက်ဆိုင်ရာသုံးလပတ်အလိုက် ပေးဆောင်ရန်ပျက်ကွက်ခဲ့သည့် သို့မဟုတ် လျော့နည်းပေးဆောင်ခဲ့သည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏကို ဒဏ်ကြေးငွေအဖြစ် တပ်ရိုက်ခြင်းခံရမည် ဖြစ်ပါသည်။

## ပြန်အမ်းငွေတောင်းခံနိုင်ခြင်း

သက်ဆိုင်ရာဝင်ငွေနှစ်အတွက် သုံးလတစ်ကြိမ် ပေးဆောင်ထားသည့် ဝင်ငွေခွန်ကို အဆိုပါဝင်ငွေနှစ်အတွက် အခွန်ထမ်းပေးဆောင်ရန် တာဝန်ရှိသည့် စုစုပေါင်းကျသင့်ဝင်ငွေခွန်ပမာဏမှ ခုနှိမ်ပေးမည်ဖြစ်ပြီး ပေးဆောင်ထားသည့် ဝင်ငွေခွန်ပမာဏ (သုံးလတစ်ကြိမ်ပေးဆောင်ထားသည့် ဝင်ငွေခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းသည့်ဝင်ငွေခွန်များအပါအဝင်) သည် အဆိုပါဝင်ငွေနှစ်အတွက် အခွန်ထမ်းပေးဆောင်ရန်တာဝန်ရှိသည့် ကျသင့်ဝင်ငွေခွန်ပမာဏထက် ပိုမိုနေပါက ယင်းပိုမိုသည့်ပမာဏကို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃၊ ပုဒ်မခွဲ (ဂ) နှင့်အညီ ပြန်အမ်းငွေတောင်းခံနိုင်ပါသည်။


ပြည်တွင်းအခွန်များဦးစီးဌာန

<u>အသေးစိတ်သိရှိလိုပါက</u> အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်) အမှတ် ၁၂၈/၁၃၂ (ဒုတိယထပ် နှင့် တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် ၊ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်း ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## သုံးလတစ်ကြိမ် ကြိုတင်ဝင်ငွေခွန် ပေးဆောင်ခြင်းဆိုင်ရာ သိကောင်းစရာများ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
https://www.ird.gov.mm

“ Tax by the Law, Service by our Heart ”